# လေယာဉ်ကွင်းကျေးရွာ

# လပွတ္တာမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉ – ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လေယာဉ်ကွင်းကျေးရွာ၊ လပွတ္တာမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဧပြီလ

## မာတိကာ


**မာတိကာ**

**စကားချီး**

**လေယာဉ်ကွင်းကျေးရွာ သယံဇာတပြမြေပုံ**

**လေယာဉ်ကွင်းကျေးရွာ ရာသီခွင်ပြမြေပုံ**

**လေယာဉ်ကွင်းကျေးရွာ အဖွဲ့အစည်းပြမြေပုံ**

**အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ**

**၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား**

**၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**

**၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

**၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

**၆။ ပညာရေး**

**၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

**၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

**၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**

**၁၀။ ဦးစားပေးဆောင်ရွက်မည့်   အဆိုပြု စီမံချက်လုပ်ငန်းများ**

**အပိုင်း (ခ)  စီမံချက်ဆိုင်ရာ  အချက်အလက်များ**

စီမံချက် အဆိုပြုလွှာ (၁)

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ  (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ  စာရင်း

နောက်ဆက်တွဲ  (၂) ကျေးရွာဖွံ့ဖြိုးရေး  အထောက်အကူပြု  ဇယားများ

နောက်ဆက်တွဲ  (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ  တည်ဆောက်မှု အခြေပြဇယား

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေး သည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေး ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

**ဧပြီ လ၊ ၂၀၁၉**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**လေယာဉ်ကွင်းကျေးရွာ**

**လပွတ္တာမြို့နယ်**

## လေယာဉ်ကွင်းကျေးရွာ သယံဇာတမြေပုံ၊ လပွတ္တာမြို့နယ်



# လေယာဉ်ကွင်းကျေးရွာ ရာသီခွင်ပြဇယား၊ လပွတ္တာမြို့နယ်



## လေယာဉ်ကွင်းကျေးရွာ၏ အဖွဲ့အစည်းပြမြေပုံ (Venn Diagram)



# အပိုင်း (က)

## ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

## ဦးစားပေးဆောင်ရွက်မည့်  ဖွံ့ဖြိုးရေးလုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

လေယာဉ်ကွင်းကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ ပြင်စလူမြို့နယ်(ခွဲ) ကုန်းကြီးကျေးရွာအုပ်စုတွင်တည်ရှိသည်။ လပွတ္တာမြို့နယ်နှင့် (၂၅)မိုင်ခန့်ကွာဝေးပြီး ရေလမ်းခရီးတစ်ခုတည်းဖြစ်သာ ဆက်သွယ်သွားလာ နိုင်ပါသည်။ လေယာဉ်ကွင်းကျေးရွာ၏ ရွာတွင်းလမ်းမှာ မြေသားဖြစ်ပြီး ကျေးရွာသည် တောင်မြောက် (၂၅၀၀)ပေ၊ အရှေ့နှင့်အနောက်မှာ (၂၀၀၀)ပေရှည်ပြီး စုစုပေါင်းလမ်းအရှည် (၄၅၀၀)ပေ ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ပြင်စလူမြစ်ဝရှိပါသည်။ ကျေးရွာ၏ မြောက်ဘက်တွင် ဝါးဘိုးကုန်းကျေးရွာနှင့် ဆက်သွယ်ထားသော ကုန်းလမ်း(၁)မိုင်ကွာဝေးသော ရွာချင်းဆက်လမ်း ရှိပါသည်။ ကျေးရွာ၏ တောင်ဘက်နှင့်အနောက်ဘက်တွင် ပြန်မလေ့ာမြစ်နှင့် ကပ္ပလီပင်လယ်အော် ဆက်လျက်ရှိပြီး (၁)မိုင်ဝေးသောရွာချင်း ဆက်လမ်းရှိပါသည်။ ကျေးရွာ၏ အရှေ့မြောက်ဘက်တွင် ကုန်းလမ်း(၂)မိုင်ဝေးသော ပြင်စလူမြို့နှင့် ဆက်သွယ်ထားသော ကျောက်ချောလမ်ရှိပါသည်။ ၎င်းလမ်းအား အဓိက အသုံးပြုနေသောကြောင့် ရာသီမရွေးသွားလာနိုင်ရန်အတွက် အဆိုပါလမ်းအား အဆင့်မြှင့်တင်ပေးမည်ဆိုပါက ကျေးရွာဖွံ့ဖြိုးတိုးတက်လာ မည်ဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၈၀)ခန့် ဖြစ်ပြီးနှစ်စဉ်ပျှမ်းမျှ နေပူချိန်(၃၂.C) ဖြစ်ပါသည်။ ကျေးရွာတွင် ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလများတွင် နေပူရှိန် ပူပြင်း၍ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် မိုးများသောကြောင့် ရေကြီးလေ့ရှိပါသည်။ ကျေးရွာတွင် မြေသားရေကန်(၂) ကန်ကိုသာ အသုံးပြုနေရပါသည်။ နှစ်စဉ် တပေါင်း၊ တန်ခူးလများတွင် သောက်သုံးရေ ပြဿနာအား ကြုံတွေ့နေရပါသည်။ တပိုတွဲလကုန် တပေါင်းလဆန်းများတွင် အများပိုင် မိုးရေလှောင်ကန်းမှ သောက်ရေများ အချိုးကျ သောက်သုံးရန် ဝေငှရပါသည်။ ထိုလများတွင် ရေတွင်း(၁)တွင်းမှာ သုံးရေအဖြစ်သာ သုံးရပါသည်။ ကျန်ရေတွင်းများ ရှိသော်လည်း အသုံးပြု၍ မရပါ။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် နာရေးကူညီမှုအသင်း (ကာယကံမေတ္တာအဖွဲ့)သည် (ကျား - ၂၀ ဦး + မ - ၆ ဦး) သည် ကျေးရွာ၏ သာရေး/နာရေး လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်းလုပ်ဆောင် နေကြပါသည်။

ကျောင်းအကျိုးတော်ဆောင်အဖွဲ့ (က -၈ +မ- ၇ ဦး) သည် ကျေးရွာစာသင်ကျောင်းရှိ ဆရာ/ဆရာမများနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍ တိုးတက်လာစေရေးအတွက် လုပ်ဆောင်လျှက် ရှိပါသည်။ ဓမ္မစကြာဝတ်အဖွဲ့ (ကျား-၂၅+ မ - ၂၅ ဦး)သည် ကျေးရွာ၏ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးစသည့် အပိုင်းတို့တွင် ပါဝင်ဆောင်ရွက် နေကြပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ သို့သော်လည်း လေယာဉ်ကွင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမရှိပါ။

ကျေးရွာတွင် ကာယကံမေတ္တာနာရေးကူညီမှု အသင်းသည် ရွာထဲရှိနာရေး ဖြစ်စဉ်များ၌ အစအဆုံး ကူညီပေးနေသော အဖွဲ့အစည်းဖြစ်ပါသည်။ အပတ်စဉ်လုပ်ဆောင်နေသော ဘာသာရေးလုပ်ငန်းများကို ဓမ္မရောင်ခြည်ဦး လူငယ်ဝတ်ရွတ်အသင်းမှ တာဝန်ယူလုပ်ဆောင်နေပါသည်။ ကျေးရွာတွင် ပြင်ပအဖွဲ့အစည်းများမှ ပညာရေးချေးငွေ၊ ကျန်းမာရေးချေးငွေနှင့် ဆောက်လုပ်ရေးလုပ်ငန်း စသည်ခေါင်းစဉ်များဖြင့် ချေးယူသုံးစွဲကြပါသည်။ ထိုအဖွဲ့အစည်းများကြောင့် ချေးငွေနှင့် ပတ်သတ်သည့်များမှာ ကျေးရွာလူထုအတွက် အသင့်အတင့်အဆင်ပြေကြောင်း တွေ့ရှိရပါသည်။ စားဝတ်နေရေးဖူလုံမှုမရှိသောကြောင့် ငွေစုငွေချေးအဖွဲ့များဖြင့် စားဝတ်နေရေးကို ဖြေရှင်းနေကြပါသည်။

**၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(က) သီးနှံ စိုက်ပျိုးရေး**

လေယာဉ်ကွင်းကျေးရွာသည် မြစ်ကမ်းဘေးကျေးရွာဖြစ်သည့်အတွက် အဓိကအသက်မွေးဝမ်းကျောင်းမှာ ရေလုပ်ငန်း ဖြစ်ပါသည်။ စိုက်ပျိုးရေး သီးနှံများကို စိုက်ပျိုး၍ မရသောကြောင့် စိုက်ပျိုးရေးနှင့် ပတ်သက်သည့် လယ်ယာသုံးပစ္စည်းများမရှိပါ။ ကျေးရွာသည် ရေငန်လွှမ်းမိုးမှုကြောင့် ယခင်က လယ်ယာမြေများ စိုက်ပျိုးမြေများ ဆုံးရှုံးမှုများ ရှိပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် ဝက်မွေးမြူထားသည့် အိမ်ထောင်စု (၆၇) အိမ်ရှိပြီး အကောင်ရေ (၂၄၇) ကောင်၊ ကြက်မွေးမြူထားသည့် အိမ်ထောင်စု (၁၅၇) စုမှ (၈၇၇) ကောင်၊

အိမ်ထောင်စု (၈၀) အိမ်မှ ဘဲ (၂၆၈) ကောင်၊ ငါးကန်(၁) စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

ရေလုပ်ငန်းကို စီးပွားဖြစ်အဓိကလုပ်ကိုင်သူများကြရှိပြီး အများစုမှာ တစ်နိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများနှင့် ချောင်း၊မြောင်းများတွင် ငါးဖမ်းသူများ ရှိကြပါသည်။ ကျေးရွာသည် တစ်နိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူရှိကြပါသည်။ ပင်လယ်နှင့် နီးသောကျေးရွာတစ်ဖြစ်သောကြောင့် ငါး၊ ပုဇွန်သားပေါက်များ လွယ်ကူစွာ ရရှိနိုင်ပြီး ရေလုပ်ငန်းလွှမ်းမြေများ တစ်နိုင်တစ်နိုင် မွေးမြူခြင်းများ၌ ရှိပါသည်။ ဈေးကွက်ကျယ်ပြန့်ခြင်းမရှိပါ။

မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်ရေးအတွက် စိန်ခေါ်မှုများနှင့်ပြဿနာပေါင်းများစွာ ရှိနေနိုင်သော်လည်း အဓိကပြဿနာနှင့် စိန်ခေါ်မှုများမှာ သင့်တော်သည့် ရေမြေအနေအထားလုံလောက်စွာမရှိခြင်း မျိုးကောင်းမျိုးသန့်များ အလွယ်တကူ လက်လှမ်းမမှီနိုင်ခြင်း၊ ချေးငွေဝန်ဆောင်မှု လုံးဝမရှိခြင်း၊ အသားဈေးနှင့် အစားဆေးဝါး စသည်ကုန်ကျစရိတ်များ မျှတမှုမရှိခြင်း၊ ဈေးနှုန်းမှန်ကန်စွာ ဈေးကွက်အရောက်မတင်ပို့ နိုင်ခြင်းစသည်တို့မှာ အဓိကကျသော စိန်ခေါ်မှုများနှင့် ပြဿနာများ ဖြစ်သည်ကို တွေ့ရှိရ ပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ကျေးရွာတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းလုပ်ကိုင်နေကြသောကြောင့် အခြားလုပ်အကိုင်များ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်သူနည်းပါသည်။ ကုန်စုံဆိုင်၊ ခေါင်ရွက်ဖျတ်ထိုးဈေးသည်များ၊ လက်သမား၊ ပန်းရံ လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိသဖြင့် အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာတတ်မြောက်မှု မရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသဖြင့် အခြားဒေသများနှင့် နိုင်ငံရပ်ခြားဒေသတို့တွင် လုပ်ကိုင်သူဦးရေများပြားသဖြင့် လုပ်သားအင်အား ရှားပါးပါသည်။ လယ်ယာသားငါးထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်အသင့်အတင့် ရှိသော်လည်း ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါသည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများ လွယ်ကူစွာလိုသလောက် မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ ကျေးရွာပေါ်တွင် ငွေကြေးဝန်ဆောင်မှု ချေးငွေထုတ်ပေးနေသော အဖွဲ့အစည်းများရှိသော်လည်း အတိုးနှုန်းကြီးခြင်း ရင်းနှီးမြှုပ်နှံရန် ချေးငွေလိုသလောက် မရရှိခြင်းနှင့် အပေါင်ပစ္စည်းပေးရန် ခက်ခဲခြင်းတို့ကြောင့် အိမ်ထောင်စုအများစုမှာ အခက်အခဲများစွာရှိပါသည်။ အတိုးကြီး ပုဂ္ဂလိကချေးငွေများ အားလုံးသည် ကာတိုချေးငွေ များဖြစ်ပါသည်။ ကျေးရွာအတွင်းရှိ ငွေချေးသူများထံမှ တစ်လအတိုးနှုန်း (၅-၁၀) ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ ထို့ကြောင့် အတိုးနှုန်း သက်သာသော ကာလရှည်ချေးငွေများ ရရှိရန် လိုလား ကြပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် စက်ဘီး (၄၉) စီး၊ မော်တော်ဆိုင်ကယ် (၃၁) စီး၊ သုံးဘီးဆိုင်ကယ် (၁) စီး၊ ထော်လာဂျီ (၂) စီး၊ လှေသမ္ဗာန် (၂၀)စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။ ကျေးရွာ လူဦးရေ အချိုးအစားအရ လှေ၊သမ္ဗာန်အသုံးပြုနှုန်းမှာ(၁.၅%)၊ စက်လှေ(၈.၁၁%)၊ စက်ဘီး (၃.၆%)၊ မော်တော်ဆိုင်ကယ်(၂.၃%)၊ ထော်လာဂျီ(၀.၁၄%)ရှိပါသည်။

ကျေးရွာအတွင်းတွင် မြေသာလမ်းဖြစ်ပြီး ကျေးရွာမှ လုပ်အားများဖြင့်အားတက်သရောလုပ်ဆောင်ကြခြင်း စသည်တို့ကြောင့် လမ်းဖောက်လုပ်ရာတွင် တဖက်တလမ်းမှလုပ်အားများဖြင့်ထောက်ပံ့မှုများရှိသောကြောင့် ပို၍အဆင်ပြေစွာ ဆောင်ရွက်နိုင်ပါသည်။ မြေသားလမ်းများမှာ မိုးတွင်းကာလများတွင် လမ်းများပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရအဆင်မပြေမှုများ ရှိနေပါသည်။ ကျေးရွာတွင်း ချောင်းကူးကွန်ကရစ်တံတား (၁)စင်းရှိပြီး ကျေးရွာဘုန်းကြီးကျောင်းမှ ကျောင်းတိုင်ကိုယ်တော်မှ မတည်၍ ကျေးရွာလုပ်အားများဖြင့် ၂၀၁၇-၂၀၁၈ခုနှစ်က ပြုပြင်တည်ဆောက် ခဲ့ပါသည်။

ပြင်စလူ-လေယာဉ်ကွင်းကျေးရွာ ချင်းဆက်လမ်းတွင်း (၁၄၂ပေ)သစ်သားတံတားရှိပြီး ယခုအချိန်တွင် သုံးဘီးဆိုင်ကယ် တန်ရှိသည့်ယာဉ်များ ဖြတ်သန်းသွားလာ၍ အခက်အခက် ရှိနေပါသည်။ ရေကျော်တံတား (၂)စင်း ရှိပါသည်။ မြောင်းကူးတံတား တစ်စင်းရှိပါသည်။ သစ်သားဖြစ်ပြီး (၃၀'×၈'×၆') ရှိပါသည်။ ၎င်းတံတားမှာ ကျေးရွာနှင့် သောက်သုံးရေကန် ဆက်သွယ်ထားသည့် လမ်းပေါ်မှာ ရေကျော်တံတားဖြစ်ပြီး သစ်သားတံတားဖြစ်၍ သက်တမ်းအားဖြင့် အချိန်ကြာမြင့်ပြီဖြစ်သောကြောင့် ယိုယွန်းပျက်စီးနေပါသည် တစ်ရွာလုံးမှ အဓိကထား၍ အသုံးပြုနေသော တံတားဖြစ်၍ ပြုပြင်ရန်လိုအပ်နေပါသည်။

ကျေးရွာသည် မြစ်ကြောင်းကို အဓိကထားပြီး အသုံးပြုခြင်းအားဖြင့် ခရီးသည် နှင့်ကုန်စည်ပို့ဆောင်ရေးအဖြစ် စက်လှေများ၊ သင်္ဘောများဖြင့် လပွတ္တာမြို့သို့ တင်ပို့ခြင်း တွင်တစ်နှစ်ပတ်လုံးလုပ်ကိုင်ကြပါသည်။ သယ်ယူပို့ဆောင်ရေးအတွက် ရေလမ်းကိုသာ အဓိကထားရပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာသည် မဟာဓါတ်အားလိုင်းနှင့် အလှမ်းမမှီခြင်းကြောင့် အချို့အိမ်ထောင်စု များမှာ ဆိုလာမီးအသုံးပြုပြကြပါသည်။ တီဗွီကြည့်ခြင်း၊ မီးထွန်းခြင်း လောက်သာ အသုံးပြု နိုင်ပြီး အခြားစက်မှုလုပ်ငန်းများကို ကိုယ်ပိုင်မီးစက်များဖြင့် အသုံးပြုရပြီး ချက်ပြုတ်ရေး လုပ်ငန်းများကို ထင်မီးနှင့် မီးသွေးစသည့် လောင်စာများကို အသုံးပြုရပါသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

လေယာဉ်ကွင်းကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၂၅၇) လုံး၊ ရေဒီယို (၁၂၇) လုံး၊ တီဗွီ (၁၃၂) လုံး၊ ဂြိုလ်တုစလောင်း (၁၂၁)လုံး စသည်တို့မှ ရရှိသည့်အပြင် Mytel ဖုန်းတာဝါတိုင်များလည်း ကျေးရွာတွင်ရှိသဖြင့် ဆက်သွယ်ရေး ဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပေ။

## ၆။ ပညာရေး

လေယာဉ်ကွင်းကျေးရွာသည် ပညာရေးနှင့် စာတတ်မြောက်မှုအခြေအနေမှာ တစ်ရွာလုံးအတိုင်းအတာနှင့် သုံးသပ်ပါက ပညာရေးအခြေအနေမှာ စာမတတ်သူဦးရေ မရှိသလောက်ရှားပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၃၄.၉၄) ရာခိုင်နှုန်းအထိ များပြားခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၄၇.၁)

ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ (၁၀.၇၄) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၂.၇) ရာခိုင်နှုန်းတို့ ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်ကြပါသည်။ ယခင်က ကျေးရွာတွင် မူလွန်အဆင့်သာရှိသောကြောင့် အလယ်တန်းနှင့် ထက်တန်း ပညာရေးကို (၂)မိုင်ဝေးကွာသော ပြင်စလူမြို့သို့ သွားရောက်တက်ရပြီး အခြားငွေကြေး တက်နိုင်သော ကျောင်းသားများသည် လပွတ္တာမြို့နှင့် အခြားမြို့ကြီးများသို့ သွားရောက်တက် ရပါသည်။ တက္ကသိုလ်ပညာရေးကို ပုသိမ်မြို့သို့ သွားရောက်တက်ရပါသည်။ ယခုအခါ ကျေးရွာတွင်း အလယ်တန်း(ခွဲ)ကျောင်း ရရှိပြီးဖြစ်သောကြောင့် မူလတန်းမှ အလယ်တန်းပညာရေးအထိ ပညာသင်ကြားရခြင်းမှာ ကျောင်းသားများအတွက် အလွန်အဆင်ပြေလှပါသည်။ ရပ်မိရပ်ဖများ၊ အဖွဲ့အစည်းများနှင့် ကျောင်းသာမိဘများ၏ ပညာရေးအားပေး အားမြောက်မှု ရှိခြင်းတို့ကြောင့် ကျေးရွာ၏ ပညာရေးအခြေအနေနှင့် တတ်မြောက်မှုမှာ ကောင်းမွန်လာသော အခြေအနေ ရှိပါသည်။

လေယာဉ်ကွင်းကျေးသည် ကျောင်းသုံးပရိဘောဂ၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ သုံးစွဲနိုင်မှု ပြည့်စုံမှုမရှိခြင်းမလွဲ၍ ကျောင်းသားဦးရေနှင့် ဆရာ/ဆရာမ အချိုး၊ ကြမ်းခင်းဧရိယာနှင့် ကျောင်းသားအရေအတွက် လုံလောက်မှုတမှုရှိခြင်း၊ ကျောင်းဆောင်(၃)ဆောင်ရှိပြီး (၁) (၃၀ပေ×၆၀ပေ×၁၈ပေ)၊ (၂)(၃၀ပေ×၆၀ပေ×၂၄ပေ)၊ (၃)(၃၀ပေ×၁၂၀ပေ×၂၀ပေ) အတိုင်းအတာများ ရှိပါသည်။ ကျောင်းဆောင်အရည်အသွေး၊ အိမ်သာအခြေအနေ စသည်တို့မှာ အသင့်အတင့် ကောင်းမွန်သော အခြေအနေရှိကြောင် တွေ့ရပါသည်။ ကျောင်းသားများအတွက် သောက်သုံးရေ အခက်အခဲရှိပါသည် ကျောင်းဝိုင်းအတွင်း အုတ်ရေလှောင်ကန်တည်ဆောက်ရန် လိုအပ်နေပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာ၏ကျန်းမာရေးကုသမှုအား ကျေးရွာနှင့် ကုန်းလမ်း(၂)မိုင်ဝေးကွာသော ပြင်စလူမြို့သို့ သွားရောက်ကုသရပါသည်။ အုပ်စုကျေးရွာဖြစ်သော (၄)မိုင်ဝေသော ကုန်းကြီးကျေးရွာတွင် ကျန်းမာရေးဆေပေးခန်း(ခွဲ)ရှိပါသည်။ အရေးပေါ်လူနာများ အတွက်မှု ရေမိုင်(၃၀)မိုင်ဝေးသော လပွတ္တာမြို့နယ်သို့ သွားရောက်ကုသရပါသည်။ ကျန်းမာရေး အခြေအနေမှာ တခါတရံရာသီဥတု အပြောင်းအလဲကြောင့် ရာသီဖျားနာခြင်းများဖြစ်လေ့ရှိပါသည်။ ကျေးရွာအတွင်းရှိ ၂လမှ ၁၈လအထိ ကလေးများအား ကျေးလက်

ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမသည် လစဉ်ကာကွယ်ဆေးလာရောက် ထိုးနှံပေးခြင်း ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးနှင့် ညွှန်ကြားချက်အတိုင်း အချိန်မှန် ထိုးနှံပေးပါသည်။ တခါတရံ မိုးရာသီတွင် သွေးလွန်တုတ်ကွေး၊ ဝမ်းပျက်ဝမ်းလျှော ရောဂါများကို နီးစပ်ရာ ဆေးပေးခန်းများသို့ သွားရောက်၍ ဆေးကုသမှု ခံယူရပါသည်။ ကျေးရွာရှိကလေးများမှာ အာဟာရချို့တဲ့မှုမရှိပါ။ အများစုမှာ ကျန်းမာသန်စွမ်းကြပါသည်။ ကျေးရွာသည် သွေးတိုးရောဂါ သွေးလွန်တုတ်ကွေး ဝမ်းပျက်ဝမ်းလျှော စသည်ရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါအနည်းအကျဉ်းမှ လွဲ၍အခြားရောဂါများ စိုးရိမ်ဖွယ်မရှိသော ကျေးရွာတစ်ရွာဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကျေးရွာသည် ရေကန်(၂)ကန်ရှိပြီး ပေ(၃၀၀)အကျယ်ရှိသော ကန်သည် သုံးရေကန်ဖြစ်ပြီး ပေ(၂၀၀)ရှိသော ကန်သည် သောက်ရေကန်ဖြစ်ပါသည်။ တူးဖော်ပြီး ကန်များရှိသော အခြေအနေတွင် ရှိပါသည်။ အိမ်ထောင်စု(၃၃၅)လုံးသည် မြေသားမိုး ရေလှောင်ကန်ကိုသာ အဓိကထား၍ သုံးစွဲနေကြပြီး နွေရာသီ ဧပြီလ၊ မေလများတွင် ကန်ရေ များ ခမ်းခြောက်တက်သဖြင့် ထိုလများတွင်ရေအခက်အခဲရှိပါသည်။ ကျေးရွာရှိ ရေတွင်းများ တွင် ရေငန်များသာ ထွက်ရှိသောကြောင့် သုံးရေလောက်သာ ရရှိပါသည်။ ဂါလံ(၁၀၀၀၀)ဆံ့ အုတ်ရေလှောင်ကန်(၂)ကန်ရှိပါသည်။ ၎င်းရေကန်းများသည် မိုးတွင်းတွင် ရေများထည့် ထားရပြီး နွေရောသီ ရေကန်များမှ ရေပြတ်လပ်ချိန်တွင် အိမ်ထောင်စုအလိုက် ရေများ ခွဲဝေချထား သုံးစွဲရပါသည်။

လေယာဉ်ကွင်းကျေးရွာသည် အိမ်ထောင်စု(၃၃၅)စုရှိပြီး သန့်ရှင်းသောအိမ်သာ သုံးအိမ်ထောင်စု စုစုပေါင်း(၂၉၀)လုံးရှိပါသည်။ တွင်းမရှိအိမ်သာ(၂၄)လုံးတို့သည် မြစ်ကမ်း ဘေး အိမ်များဖြစ်ကြပါသည်။ အိမ်သာမရှိသော အိမ်ထောင်စု(၄၅)စုမှာ မိမိတို့နှင့်နီးစပ်ရာ အခြားအိမ်ထောင်စုပိုင် ယင်လုံအိမ်သာများကိုလည်း အသုံးပြုကြပါသည်။

ကျေးရွာတွင် နှစ်စဉ်မိုးများသောကြောင့် ရေကြီးနှစ်မြုပ်မှုများ ဖြစ်ပေါ်ပါသည်။ တခါတရံ လေပြင်းတိုက်ခတ်မှုများရှိပါသည်။ ကျေးရွာသူ/သားများသည် ဘူးခွံ၊ အိတ်၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်တတ်သောအလေ့အထမရှိသောကြောင့် သဘာဝပတ်ဝန်း ကျင်ညစ်နွမ်းရ ခြင်းဖြစ်ပါသည်။ အမှိုက်စီမံခန့်ခွဲမှု စနစ်များအား ကျေးရွာသူ/သားများ၏ စနစ်တကျစွန့်ပစ်တတ်ရန်အတွက် အားနည်းသည်ကို တွေ့ရပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

လေယာဉ်ကွင်းကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စားကျပန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက် ပို၍ ထိခိုက်ခံစားရ လွယ်ကူနိုင်ပါသည်။ ကျေးရွာတွင် ပြာ့မလေ့ာမြစ်ဘေးဖြစ်၍ ငါးမျိုးစိတ်ပေါ်များလှပါသည်။ မိုးရာသီတွင် ၄က်ဖျားရောဂါ ဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။ တီဘီရောဂါ ဖြစ်ပွားသည့် လူနာ အနည်းငယ်သာရှိပါသည်။ တိရိစ္ဆာန်ရောဂါများသည် ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ကြက်နှင့် ဂက် တုပ်ကွေး ရောဂါများ ဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။

## ၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

လေယာဉ်ကွင်းကျေးရွာသည် လူဦးရေအားဖြင့် အသင့်အတင့်ရှိသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာသည် ဗမာလူမျိုးများနေထိုင်ကြပြီး အိမ်ထောင်စုအားဖြင့် (၃၃၅)စုရှိပါသည်။ လူဦးရေအားဖြင့် (ကျား-၆၈၅ဦး၊ မ-၆၈၄ဦး) စုစုပေါင်း(၁၃၆၈)ဦး ရှိပါသည်။ ပျှမ်းမျှအားဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၂၆.၉၇%)ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၂၇၃)ဦး၊ မ (၃၀၄) ဦး ရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၇၃.၀၂%) ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားသောကြောင့် ဝမ်းစာဖူလုံမှုရှိပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

ကျေးရွာအနေအထားနှင့် နေ့စားလုပ်အားခ ဈေးနှုန်းများမှာ အသင့်အတင့်မျှတသော်လည်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည်ကို တွေ့ရှိပါသည်။ ကျေးရွာမှာ အလုပ်အကိုင်အခွင့်အလမ်း ရေလုပ်ငန်းတစ်မျိုးကိုသာလုပ်ကိုင်နိုင်ပြီး အချိန်ကာလအားဖြင့်လည်း တစ်နှစ်ပတ်လုံးအစဉ်မပျက် လုပ်ကိုင်ခွင့်ရှိပြီး အချိန်ကာလ အပိုင်းအခြားဖြင့်မဟုတ်ဘဲ နာရီပိုင်းဖြစ်သော အလုပ်လုပ်ကိုင်ကြရပါသည်။ အမျိုးသမီးများအနေဖြင့် ငါးကောက်၊ ငါးလှန်းလုပ်ငန်းများဖြစ်ပြီး အမျိုးသားများတိုင်နှုတ်၊ တိုင်စိုက်နှင့် ပင်လယ်ထွက်စသည်တို့ဖြစ်ပါသည်။ အခြားအလုပ်နေ့စားများ မရှိသလောက်ရှားပါးပါသည်။ ကျေးရွာတွင် ကျား/မ လုပ်အားခနှုန်းများမှာ ညီမျှမှုမရှိပါ အလုပ် တွင်အားစိုက်မှုနှုန်းပို၍ အားစိုက်ရ၍ ယောကျ်ားလေးများမှာ လုပ်အားခပိုမိုရရှိပါသည်။ စီမံအုပ်ချုပ်မှုစနစ်တွင်

အမျိုးသမီးများသည် အတွေ့အကြုံနည်းပါ၍ ပါဝင်မှုနည်းပြီး အမျိုးသားများစုကသာ ဦးဆောင်ဦးရွက် အုပ်ချုပ်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် တက်ကြွစွာ ပူးပေါင်းပါဝင် ကြပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ်ဆေးသုံးစွဲမှုနှင့်ပတ်သက်၍ အရက်သေစာသောက်စားခြင်း အနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုးလုယက်မှုများ မရှိပါ။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | အခြေခံအဆောက်အဦ | တံတားတည်ဆောက်ခြင်းနှင့် ကျောက်ချောလမ်းရရှိရေး စီမံချက် | ၁ |
| ၂ | အခြေခံအဆောက်အဦ | သောက်သုံးရေ ရရှိရေး စီမံချက် | ၂ |
| ၄ | ငွေကြေး | ငွေကြေး ချေးငွေ ဝန်ဆောင်မှုများ ရရှိရေး စီမံချက် | ၄ |
| ၅ | ကျန်းမာရေး | ကျေးလက်ကျန်းမာရေး ဌာနခွဲ ရရှိရေး | ၅ |
| ၆ | လျှပ်စစ် | ဆိုလာ မီးလင်း ရရှိရေး | ၆ |
| ၇ | အခြေခံအဆောက်အဦ | စာကြည့်တိုက် ရရှိရေး စီမံချက် | ၇ |

# အပိုင်း (ခ)

# စီမံချက်ဆိုင်ရာ အချက်အလက်များ

**စီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၁)**

| | |
|---|---|
| **ကျေးရွာ** – လေယာဉ်ကွင်း<br>**ကျေးရွာအုပ်စု** – ကုန်းကြီး<br>**မြို့နယ်** – လပွတ္တာ<br>**တိုင်းဒေသကြီး / ပြည်နယ်** – ဧရာဝတီတိုင်း | |
| **စီမံချက်အမည်** – အပေါ်ပိုင်း (၁) (၃၀' × ၈' × ၈") အား ကွန်ကရစ်တံတားအဆင့်သို့ အဆင့်မြှင့်တင်ခြင်းနှင့် (၃၄၀' × ၁၀' × ၉") ရွာတွင်းကျောက်ချောလမ်းသို့ အဆင့်မြှင့်တင်ခြင်း | |

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- ယခုလက်ရှိအပေါ်ပိုင်း (၁) တံတားမှာ သစ်သားတံတားဖြစ်ပြီး သက်တမ်းကုန်နေပြီး ယိုယွင်းပျက်စီးနေ၍ ယိုနဲ့ကာ သောက်သုံးရေကန်နှင့် ဆက်သွယ်ထားသော တံတားဖြစ်၍ ရေခတ်ရန် ဖြတ်သန်းသွားလာရ ခက်ခဲစေပါသည်။
- ယခုလက်ရှိအပေါ်ပိုင်း (၁) လမ်းမှာ မြေသားလမ်းဖြစ်ပြီး မိုးကြီးသည့် အခါတွင် လမ်းပေါ်ရေကျော်ကာ ဗွက်အိုင်များ ဖြစ်ပေါ်၍ သွားလာရ ခက်ခဲစေပါသည်။
- ကျောင်းသားကျောင်းသူများ အနေဖြင့် လမ်းတွင် ဗွက်များ၊ ချိုင့်များ ဖြစ်နေသောကြောင့် ကျောင်းသွားကျောင်းပြန် အခက်အခဲများ ရှိပါသည်။
- ထို့အပြင် မိုးတွင်းကာလ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် ကျန်းမာရေးဆိုင်ရာ အရေးပေါ် အခြေအနေ ဖြစ်ပေါ်လာပါက အသက်အန္တရာယ် ထိခိုက်နိုင်ပါသည်။
- သံဃာတော်များ ဆွမ်းခံကြွချိန်တွင် လမ်းအခြေအနေ ဆိုးဝါးစွာ ဗွက်များ၊ ချိုင့်များ ဖြစ်ပေါ်နေသောကြောင့် ဆွမ်းခံ့ကြွရာတွင်လည်း အခက်အခဲများ ဖြစ်ပေါ်နေပါသည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- ထော်လာဂျီများ၊ သောက်သုံးရေခတ်သောယာဉ်များ ဖြတ်သန်းရာတွင် အလွယ်တကူဖြတ်သန်းနိုင်စေရန်၊ တောင့်တင်းခိုင်မာသော တံတား ဖြစ်စေရန်။
- တွင်းကာလ မိုးကြီးသည့်အခါများတွင် လမ်းပေါ်ရေကျော်မှုများ ကင်းဝေးစေရန်နှင့် ဗွက်များ၊ ချိုင့်များ မရှိစေရန်၊
- ကျောင်းသားကျောင်းသူများ ပညာသင်ယူမှုတွင်သွားလာရ အဆင်ပြေစေရန်၊
- ကျန်းမာရေး အရေးပေါ် အခြေအနေများတွင် သွားလာရ အဆင်ပြေ၍ အသက်အန္တရာယ် ကင်းဝေးစေရန်၊
- သံဃာတော်များ ဆွမ်းခံကြွရာတွင် သွားလာရ အဆင်ပြေစေရေန်။

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- ကွန်ကရစ်တံတား တည်ဆောက်ပြီး ထော်လာဂျီများလည်း ရေသယ်နိုင်ရန်၊ သောက်သုံးရေ ခတ်ယူရာတွင် အလွယ်တကူသွားလာနိုင်စေရန်၊
- ကွန်ကရစ်လမ်း ခင်းပြီးနောက် ရေကျော်မှုများ ကင်းဝေးပြီး ဗွက်များ၊ ချိုင့်များ မရှိသဖြင့် သွားလာမှု ပိုမို အဆင်ပြေ လွယ်ကူလာမည်။

- ကျောင်းသားကျောင်းသူများ ပညာသင်ယူမှုတွင် သွားလာရေး အခက်အခဲများ မရှိသဖြင့် ကျောင်းပျက်နှုန်း နည်းလာပြီး ပညာတတ်မြောက်သူဦးရေ များလာမည်။
- ကျန်းမာရေး အရေးပေါ် အခြေအနေတွင်လည်း လမ်းပန်းဆက်သွယ်ရေး အဆင်ပြေသောကြောင့် ကျေးလက်ကျန်းမာရေးဌာနခွဲ စသည့်နေရာများသို့ အချိန်မီ ပို့ပေးနိုင်ပြီး မတော်တဆ သေဆုံးမှု လျော့ကျလာပါလိမ့်မည်။
- သံဃာတော်များအတွက်လည်း လမ်းအခြေအနေကောင်းမွန်မှုကြောင့် စိတ်ချမ်းသာစွာဖြင့် ဆွမ်းခံကြွနိုင်မည်။
- ထို့အပြင် နွေရာသီ မီးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက လမ်းကောင်းနေသောကြောင့် အချိန်မီ တားဆီးနိုင်ပါမည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

လေယာဉ်ကွင်းကျေးရွာ အပေါ်ပိုင်း (၁) (၃၀' × ၈' × ၈") အား ကွန်ကရစ်တံတားအဆင့်သို့ အဆင့်မြှင့်တင်ခြင်းနှင့် (၃၄၀' × ၁၀' × ၉") ရွာတွင်းကျောက်ချောလမ်းသို့ အဆင့်မြှင့်တင်ခြင်း

**စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု**

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၀,၀၀၀,၀၀၀ (ငွေသား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| • ၁၀၀၀၀၀၀(ငွေသား) | • ကျေးရွာ |
| • (ပစ္စည်း/လုပ်အား) | • ကျေးရွာ |
| • | • |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၆၈၅ | ၆၈၃ | ၁၃၆၈ | ၃၂ | ၁၀၀ | ၁၆၀ | ၄၃ | ၃၃၅ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၆၈၅ | ၆၈၃ | ၁၃၆၈ | ၃၂ | ၁၀၀ | ၁၆၀ | ၄၃ | ၃၃၅ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- လေယာဉ်ကွင်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း –** ၂၀၁၉ ခုနှစ်၊ ဧပြီ လ ၅ရက်

**(၃) စီမံချက်ပြီးစီးမည့်အချိန်** – ၂၀၁၉ ခုနှစ်၊ ဇူလိုင် လ ၆ ရက်

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –**

| |
|---|
| • ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။<br>• လေယာဉ်ကွင်းကျေးရွာ အပေါ်ပိုင်း (၁) လမ်းနှင်တံတားအား အဆင်မြှင့်တင်ရာတွင် ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။<br>• လိုအပ်ပါက ပစ္စည်းနှင့် ငွေကြေး အသင့်အတင့် ထည့်ဝင်ပါမည်။ |
| **(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**<br>• လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။<br>• လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။<br>• လမ်းနှင့်တံတား အခြေအနေအား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။<br>• ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ရွာသူရွာသားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။ |

နောက်ဆက်တွဲ (၁)

# လေယာဉ်ကွင်းကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်း ကော်မတီများစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးအောင်ဌေး | ဦးဘဟန် | ၁၄/ပစလ(နိုင်)၀၆၀၄၃၅ | ၅၀ | ဥက္ကဋ္ဌ | ၀၉-၂၆၄၄၆၈၉၂၀ |
| ၂ | ဦးညီညီ | ဦးကံအေး | ၁၄/လပတ(နိုင်)၀၃၄၁၀၁ | ၅၁ | အတွင်းရေးမှူး | ၀၉-၂၆၀၉၆၆၇၁ |
| ၃ | ဦးဇော်နိုင် | ဦးကျော်အေး | ၁၄/လပတ(နိုင်)၁၃၈၅၀၈ | ၄၁ | ဘဏ္ဍာရေးမှူး | ၀၉-၄၅၃၄၀၅၁၅၁ |
| ၄ | ဦးအောင်အောင် | ဦးသန်းညွန့်အောင် | ၁၄/လပတ(နိုင်)၁၁၅၉၄၃ | ၄၀ | စာရင်းကိုင် | ၀၉-၄၅၇၃၀၆၂၄၀ |
| ၅ | ဦးထွန်းထွန်းနိုင် | ဦးဌေးလွင် | ၁၄/လပတ(နိုင်)၁၂၂၀၀၃ | ၃၉ | အဖွဲ့ဝင် | - |
| ၆ | ဒေါ်မူယာခိုင် | ဦးဟန်ညွန့် | - | ၄၀ | အဖွဲ့ဝင် | - |
| ၇ | ဒေါ်ဖြူဖြူ | ဦးဝင်းကြည် | ၁၄/လပတ(နိုင်)၀၅၄၄၄၀ | ၄၆ | အဖွဲ့ဝင် | - |
| ၈ | ဒေါ်ခင်ချိုအောင် | ဦးတင်အောင် | - | ၅၁ | အဖွဲ့ဝင် | - |
| ၉ | ဦးရွှေမန်းမေ | ဦးထွန်းရွှေ | ၁၄/လပတ(နိုင်)၁၁၈၄၇၆ | ၄၂ | အဖွဲ့ဝင် | - |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | ၂ | ၄ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၂၅ | ၂၀ | ၄၅ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၆၀ | ၆၄ | ၁၂၄ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၆၂ | ၇၃ | ၁၃၅ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၅၀၇ | ၄၉၂ | ၉၉၉ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၂၉ | ၃၂ | ၆၁ |
| စုစုပေါင်း | | ၆၈၅ | ၆၈၃ | ၁၃၆၈ |
| စုစုပေါင်း အိမ်ထောင်စု | | | | ၃၃၅ |

ရင်းမြစ်… (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။ ။လေယာဉ်ကွင်းကျေးရွာသည် လူဦးရေအားဖြင့် အသင့်အတင့်ရှိသော ကျေးရွာ တစ်ရွာဖြစ်ပါသည်။ ကျေးရွာသည် ဗမာလူမျိုးများနေထိုင်ကြပြီး အိမ်ထောင်စုအားဖြင့် (၃၃၅)စုရှိပြီး လူဦးရေအားဖြင့်(၁၃၆၈)ဦး ရှိပါသည်။ ကျေးရွာသည် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ်(၀.၀၀၀၀၃%)၅နှစ်အောက်ကလေးငယ် (၃.၃%)၊ မူလတန်းကျောင်းသာအရွယ် (၉.၁%)၊ အလယ်တန်းကျောင်းသားအရွယ် (၉.၉%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၇၃.၁%)၊ အလုပ်မလုပ် နိုင်သည့် သက်ကြီးရွယ်အို (၄.၄၅%) ရှိပါသည်။ ပျှမ်းမျှအားဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၂၆.၉၇%)ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား(၂၇၃)ဦး၊ မ (၃၀၄)ဦး ရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၇၃.၀၂%) ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ် နိုင် သော လူဦးရေများပြားသောကြောင့် ဝမ်းစာဖူလုံမှုရှိပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ထောက်ပံမှု ပေးနိုင်ပါသည်။**

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်□လတ် □နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်□လတ်□နိမ့်□ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | ၁ |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၅၇ | | | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်□လတ်□နိမ့်□ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၁၀ | ၁၁၀ | | မြင့်□လတ်■နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | ၈၅ | ၁၂၀ | | မြင့်□လတ်■နိမ့်□ |
| ၄ | **သစ်တောလုပ်ငန်** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်□လတ်□နိမ့်□ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်□လတ်□နိမ့်□ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်□လတ်□နိမ့်□ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေဆေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်□လတ်□နိမ့်□ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်□လတ်□နိမ့်□ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်□လတ်□နိမ့်□ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်□လတ်□နိမ့်□ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၉ | ၂၀ | | မြင့်□လတ်■နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်□လတ်□နိမ့်□ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၈၀ | ၈၀ | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | ၃၅၂ | ၃၃၀ | | ☒ |

ရင်းမြစ်…(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ

လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **“စိုက်ပျိုးရေး”** ကဏ္ဍ ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု“မြင့်” ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင်လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ရေလုပ်ငန်းကိုသာ အဓိကဝင်ငွေရရှိသူများ ဖြစ်သဖြင့် ဈေးဆိုင်၊ လက်ဖက်ရည်ဆိုင်နှင့် အခြားဝင်ငွေရ လုပ်ကိုင်သူ အိမ်ထောင်စုဝင်များ အားလုံး၏ အလုပ်အကိုင်အခွင့်အလမ်း အလားလာအနေအထားမှာ အနည်းငယ်သာ ရှိသည်ကိုတွေ့ရှိရပါသည်။**

## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | | | | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | ၅၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၂၀၀၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာအနေအထားနှင့် နေ့စားလုပ်အားခ ဈေးနှုန်းများမှာ အသင့်အတင့်မျှတသော်လည်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည်ကို တွေ့ရှိပါသည်။ ကျေးရွာမှာအလုပ်အကိုင်အခွင့်အလမ်း ရေလုပ်ငန်းတစ်မျိုးကိုသာ လုပ်ကိုင်နိုင်ပြီး အချိန်ကာလ အားဖြင့်လည်း တစ်နှစ်ပတ်လုံးအစဉ်မပျက် လုပ်ကိုင်ခွင့်ရှိပြီး အချိန်ကာလ အပိုင်းအခြားဖြင့် မဟုတ်ဘဲ နာရီပိုင်းဖြစ်သာ အလုပ်လုပ်ကိုင်ကြရပါသည်။ အမျိုးသမီးများ အနေဖြင့် ငါးကောက်၊**

ငါးလုပ်ငန်းလုပ်ငန်းများဖြစ်ပြီး အမျိုးသားများ တိုင်နှုတ်၊ တိုင်စိုက်နှင့် ပင်လယ်ထွက် စသည်တို့ ဖြစ်ပါသည်။ အခြားအလုပ်နေ့စားများ မရှိသလောက်ရှားပါး ပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | ၁၀ | ကောင်း ☐ သင့်■ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | | ☒ |

ရင်းမြစ် ...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် ဓနိတောမြေဧက (၁၀)သာလောက်သာရှိပြီး တခြားလယ်ယာဧကများမှာ ၂၀၀၈ ခုနှစ် နာဂစ်မတိုင်ခင်ကသာ စိုက်ပျိုး၍ ရခဲ့ပြီး ယခုနောက်ပိုင်းကာလများတွင် မည်သည့်သီးနှံမှ စိုက်ပျိုး၍ မရရှိကြောင်း တွေ့ရှိရပါသည်။**

### (ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| **အမျိုးအစား** | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့်☐ နည်း☐ မရှိ■ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ■ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့်☐ နည်း■ မရှိ☐ | လွယ်☐ ခက်■ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့်☐ နည်း■ မရှိ☐ | လွယ်☐ ခက်■ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း☐ မရှိ■ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများ မရှိသည့်အတွက် ၎င်းတို့နှင့် ပတ်သတ်ဆက်နွယ်သော လုပ်ငန်းများ အသုံးပြုလုပ်ကိုင်ခြင်း မရှိပါ။ သဲ၊ ကျောက်များကို သဘော်ဖြင့် ဝယ်ယူနိုင်ပါသည်။ သဘာဝ တိရ စ္ဆာန်မျိုးစိတ်များ အနေနှင့် ငှက်မျိုးများ၊ငါးမျိုးစိတ်များရှိသည်ကို တွေ့ရပါသည်။ ရွာပတ်ဝန်းကျင် ရွာချောင်းတွင်းတွင် ဒီရေတောများပေါက်ရောက်လျက်ရှိပါသည်။ တောဖြုန်းတီးမှု၊ ခုတ်တွင်မှုကြောင့် ရယူသုံးစွဲနိုင်ခြင်း မရှိပါ။**

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | | | | |
| အိမ်အခြေအနေ | သွပ်မိုး၊ ဓနိကာအိမ် | သွပ်မိုး၊ ဓနိကာအိမ် | ပျဉ်ခင်း၊ ဓနိမိုး/ကာ | ဝါးအိမ်၊ ဓနိမိုး/ကာ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ဆိုင်ကယ်၊ ထော် လာဂျီ၊ စက်လှေ | ဆိုင်ကယ်၊ ထော်လာဂျီ၊ စက်လှေ၊ လှေ | လှေ | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | ရေလုပ်ငန်း၊ ဈေးရောင်း | ရေလုပ်ငန်း၊ ဈေးရောင်း၊ တက္ကစီ | ကျပန်း | နေ့စားလုပ်သား |
| **အိမ်ထောင်စု** | **၃၂** | **၁၀၀** | **၁၆၀** | **၄၃** |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

